## စင်ကာပူနိုင်ငံ၏ Budget 2026 အရ စင်ကာပူနိုင်ငံစီးပွားရေးဆိုင်ရာ မူဝါဒများနှင့် အထောက်အပံ့အစီအစဉ်များ

### ကုမ္ပဏီဝင်ငွေခွန် (Corporate Income Tax)

ပြက္ခဒိန်နှစ် ၂၀၂၅ ခုနှစ်တွင် စင်ကာပူနိုင်ငံသားအနည်းဆုံး တစ်ဦးခန့်ထားသော လုပ်ငန်းလုပ်ကိုင်လျက်ရှိသည့် ကုမ္ပဏီတစ်ခုသည် ပေးဆောင်ရမည့် ကုမ္ပဏီဝင်ငွေခွန်မှ ၄၀ ရာခိုင်နှုန်း လျှော့ပေါ့ခွင့် ရရှိမည်ဖြစ်ပါသည်။ အဆိုပါကုမ္ပဏီသည် အနည်းဆုံး စင်ကာပူဒေါ်လာ ၁၅၀၀.၀၀ ပြန်လည်ရရှိမည်ဖြစ်ပြီး ကုမ္ပဏီတစ်ခုအတွက် ပြန်လည်ရရှိနိုင်မည့် စုစုပေါင်းပမာဏမှာ စင်ကာပူဒေါ်လာ ၃၀,၀၀၀.၀၀ ဖြစ်ပါသည်။

### Market Readiness Assistance Grant

Market Readiness Assistance Grant သည် ပြည်ပနိုင်ငံများတွင် ဈေးကွက်တိုးချဲ့မည့် စီးပွားရေးလုပ်ငန်းများအတွက် ထောက်ပံ့ပေးသည့်အစီအစဉ်ဖြစ်ပါသည်။ ပြည်ပဈေးကွက်မြှင့်တင်ရေး၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဈေးကွက်စတင်တည်ဆောက်ရေးတို့တွင် ကုန်ကျစရိတ်များအတွက် ထောက်ပံ့ပေးမည်ဖြစ်ပါသည်။ စင်ကာပူ အသေးစားနှင့် အလတ်စားစီးပွားရေးကုမ္ပဏီတစ်ခုသည် ဈေးကွက်အသစ်တစ်ခုအတွက် အကျုံးဝင်သည့် ကုန်ကျစရိတ်၏ ၅၀ ရာခိုင်နှုန်း၊ စင်ကာပူဒေါ်လာ ၁၀၀,၀၀၀ အထိ ထောက်ပံ့ငွေရရှိမည်ဖြစ်ပြီး သတ်မှတ်ကာလမှာ ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ နောက်ပိုင်းဖြစ်ပါသည်။ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ စင်ကာပူ အသေးစားနှင့်အလတ်စားကုမ္ပဏီများသည် အကျုံးဝင်သည့် ကုန်ကျစရိတ်၏ ၇၀ ရာခိုင်နှုန်း ထောက်ပံ့ငွေရရှိမည်ဖြစ်ပြီး သတ်မှတ်ကာလမှာ ၂၀၂၉ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ ဖြစ်ပါသည်။ လက်ရှိတွင် ပြည်ပဈေးကွက်များ ရရှိထားပြီး အဆိုပါ ဈေးကွက်ကို ပိုမိုခိုင်မာစေရေး ဆောင်ရွက်လျက်ရှိသည့် စင်ကာပူစီးပွားရေးလုပ်ငန်းများသည်လည်း Market Readiness Assistance Grant အရ ခံစားခွင့်ရရှိမည်ဖြစ်ပါသည်။ ထောက်ပံ့မှုအစီအစဉ်ကို Enterprise Singapore က ကြီးကြပ်ဆောင်ရွက်မည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို ၂၀၂၆ ခုနှစ်၊ ဒုတိယနှစ်ဝက်တွင် ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

### Business Adaptation Grant နှင့် Global Innovation Alliance Schemes

ကုမ္ပဏီများကို နိုင်ငံတကာအဆင့်မီကုမ္ပဏီများဖြစ်စေရန်၊ အကောက်ခွန်နှုန်းထားများ၏ သက်ရောက်မှုခံရသည့် လုပ်ငန်းများအတွက် လုပ်ငန်းလည်ပတ်မှုများကို အကူအညီဖြစ်စေရန်နှင့် ကုန်စည်ထောက်ပံ့မှုကွင်းဆက် ပိုမိုခိုင်မာအားကောင်းစေရန်၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုများကို အလေးပေးဆောင်ရွက်ခြင်း၊ ဈေးကွက်ကျွမ်းကျင်ပညာရှင်များနှင့် ချိတ်ဆက်ခြင်း၊ ဈေးကွက်ဝင်ရောက်နိုင်မှုအစီအစဉ်များတွင် ပါဝင်ခြင်းဖြင့် စင်ကာပူနိုင်ငံအခြေစိုက် စီးပွားရေး

လုပ်ငန်းငယ်များ ပြည်ပနိုင်ငံများတွင် လုပ်ငန်းလုပ်ကိုင်နိုင်စေရန်ရည်ရွယ်၍ Business Adaptation Grant နှင့် Global Innovation Alliance Schemes တို့မှတစ်ဆင့် ထောက်ပံ့ပေးမည်ဖြစ်ပါသည်။ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၂၉ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ စင်ကာပူ အသေးစားနှင့် အလတ်စား ကုမ္ပဏီများအတွက် အကျုံးဝင်သည့်ကုန်ကျစရိတ်၏ ၇၀ ရာခိုင်နှုန်းနှင့် အသေးစားနှင့် အလတ်စား မဟုတ်သည့်ကုမ္ပဏီများအတွက် အကျုံးဝင်သည့် ကုန်ကျစရိတ်၏ ၅၀ ရာခိုင်နှုန်းကို ထောက်ပံ့ပေးမည်ဖြစ်ပါသည်။

**SME Fixed Assets Loan**

SME Fixed Assets Loan သည် Enterprise Financing Scheme အောက်ရှိ ချေးငွေအစီအစဉ်တစ်ခုဖြစ်ပြီး စင်ကာပူစီးပွားရေးလုပ်ငန်းများ၏ ပြည်တွင်းနှင့် ပြည်ပ၌ ရင်းနှီးမြှုပ်နှံမှုအတွက် ရင်းနှီးငွေရရှိစေရန်ဖြစ်ပါသည်။

**Trade Loan**

Trade Loan သည် Enterprise Financing Scheme အောက်ရှိ ချေးငွေအစီအစဉ်တစ်ခုဖြစ်ပြီး ကာလတိုအတွင်း တင်သွင်းမှု၊ တင်ပို့မှု၊ အာမခံချက်ပေးမှုတို့အတွက် စင်ကာပူစီးပွားရေးလုပ်ငန်းများ၏ ကုန်သွယ်မှုတွင် ငွေကြေးလိုအပ်ချက်ကို အထောက်အပံ့ပေးရန်ဖြစ်ပါသည်။

SME Fixed Assets Loan အရ လက်ရှိတွင် ချေးငွေရယူသူတစ်ဦးသည် စင်ကာပူဒေါ်လာသန်း ၃၀ ငွေချေးနိုင်မည်ဖြစ်ပြီး Trade Loan အရ လက်ရှိတွင် ချေးငွေရယူသူတစ်ဦးသည် စင်ကာပူဒေါ်လာ ၁၀ သန်းနှင့် ချေးငွေရယူသည့်စီးပွားရေးလုပ်ငန်းအုပ်စုတစ်ခုသည် စင်ကာပူဒေါ်လာသန်း ၂၀ ငွေချေးနိုင်မည်ဖြစ်ပါသည်။ SME Fixed Assets Loan နှင့် Trade Loan တို့အရ ချေးငွေ ချေးယူနိုင်မည့် ပမာဏကို ထပ်တိုးမည်ဖြစ်ပါသည်။

**Double Tax Deduction for Internationalisation Scheme**

Double Tax Deduction for Internationalisation Scheme အရ ကုမ္ပဏီများသည် ဈေးကွက်ချဲ့ထွင်မှုလုပ်ငန်း ၁၆ မျိုးနှင့် ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ကုန်ကျစရိတ်အပေါ် ၂၀၀ ရာခိုင်နှုန်း အခွန်နှုတ်ပယ်ခွင့် ရရှိမည်ဖြစ်ပါသည်။ ကြိုတင်ခွင့်ပြုချက်တောင်းရန်မလိုဘဲ တောင်းဆိုပိုင်ခွင့်ရှိသည့် အသုံးစရိတ်ကို ယခင်စင်ကာပူဒေါ်လာ ၁၅၀,၀၀၀ သတ်မှတ်ခဲ့ရာမှ ၂၀၂၇ ခုနှစ်မှစ၍ ၄၀၀,၀၀၀ အထိ သတ်မှတ်မည်ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ လိုင်စင်နှင့်လုပ်ငန်းလုပ်ကိုင်ခွင့်၊ ဈေးကွက်ဆန်းစစ်မှု၊ ပြည်ပတွင် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်ပတွင် ဖြန့်ဝေနိုင်ရန်အတွက် ကုမ္ပဏီ၏ လက်ကမ်းစာစောင်များ ထုတ်လုပ်ခြင်း စသည့်ဆောင်ရွက်မှုများအတွက် အခွန်နှုတ်ပယ်ခွင့် တောင်းဆိုနိုင်မည်ဖြစ်ပါသည်။ ပြည်ပတွင် ကုန်သွယ်ရေးရုံးခန်းများ ဖွင့်လှစ်ခြင်းနှင့် e-commerce ပွဲများ ပြုလုပ်ခြင်းအတွက် ကုန်ကျစရိတ်များ သို့မဟုတ် နှစ်တစ်နှစ်

အတွင်း စင်ကာပူဒေါ်လာ ၄၀၀,၀၀၀ ထက် ကျော်လွန်သည့်အသုံးစရိတ်အတွက် စင်ကာပူ ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ သို့မဟုတ် Enterprise Singapore ထံသို့ လျှောက်ထားနိုင်ပါသည်။

ဈေးကွက်ချဲ့ထွင်မှုလုပ်ငန်း ၁၆ မျိုးမှာ ခွင့်ပြုချက်ရရှိထားသည့် ပြည်တွင်း ကုန်သွယ်မှုအတွက် စာရွက်စာတမ်းထုတ်ဝေခြင်း (local trade publication)၊ ပြည်ပဈေးကွက်အတွက် ထုတ်ပိုးမှုဒီဇိုင်း (design of packing)၊ ပြည်တွင်းကုန်စည်ပြပွဲများ၊ပြည်ပနိုင်ငံများတွင် အရောင်းမြှင့်တင်သည့်ပွဲများ၊ ပြည်ပသို့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လေ့လာရေးခရီးစဉ်များ၊ ပြည်ပနိုင်ငံများသို့ ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးစဉ်များ၊ ပြည်ပနိုင်ငံများတွင် ပြုလုပ်သည့် ကုန်စည်ပြပွဲများ၊ ကုန်စည်/ဝန်ဆောင်မှုအသိအမှတ်ပြုလက်မှတ်များ ရယူခြင်း (product/service certification)၊ အွန်လိုင်းကုန်စည်ပြပွဲများ၊ e-commerce ပြပွဲများ၊ ရင်းနှီးမြှုပ်နှံမှု ဖြစ်နိုင်စွမ်း လေ့လာမှု/due diligence studies၊ Master licensing and franchising၊ ဈေးကွက်လေ့လာမှုများ/ဖြစ်နိုင်စွမ်းလေ့လာမှုများ (market surveys/feasibility studies)၊ ပြည်ပ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအစီအစဉ်များ (overseas business development)၊ ပြည်ပနိုင်ငံများတွင် ကုန်သွယ်ရေးရုံးများ ဖွင့်လှစ်ခြင်း (overseas trade offices)၊ ပြည်ပတွင် ဖြန့်ဝေနိုင်ရန်အတွက် ကုမ္ပဏီ၏ လက်ကမ်းစာစောင်များ ထုတ်လုပ်ခြင်းတို့ဖြစ်ကြောင်း သိရှိရသည်။

Source: သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး၊ စင်ကာပူမြို့